**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၄ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၈/၂၀၂၄)

| | |
|---|---|
| ဒေါ်မေသော်တာဖူးပါ (၁၈)ဦး (အလုပ်သမား)<br>အမှတ်(၂၄)ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| Ms. Zhang Ying Yue (အလုပ်ရှင်)<br>W & F Group Co.,Ltd (အထည်ချုပ်စက်ရုံ)<br>ဒေါ်ခင်ညိုသင်း (မန်နေဂျာ)<br>(အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>အမှတ်(၂၅၃)၊သိမ်ချောင်းလမ်း၊ ဝါးတစ်ရာစက်မှုဇုန်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ သိမ်ချောင်းလမ်း၊ အမှတ်(၂၅၃)ရှိ W & F Group Co.,Ltd (အထည်ချုပ်စက်ရုံ) မှ Ms. Zhang Ying Yue (အလုပ်ရှင်)

နှင့် ဒေါ်မေသော်တာဖူးပါ (၁၈)ဦး (အလုပ်သမား)တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်ခဲ့ပါသည်-

**ကောက်ချက်။** (၁) အလုပ်သမား ဒေါ်မေသော်တာဖူးပါ ( ၁၈ ) ဦး တို့အား မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

(၂) All Super ဒေါ်ထွေးထွေးမူနှင့် တာဝန်ခံတို့မှ အော်ဟစ်ဆဲဆိုခြင်း မပြုလုပ်ရန် ကိစ္စအား စာချုပ်ချုပ်ဆိုရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** (၁) အလုပ်ရှင်က Super ဒေါ်မေသော်တာဖူးပါ (၁၈)ဦးတို့ တောင်းဆိုသော မူလနေရာ၊ မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်လည်ခန့်ထားရန် မသင့်ကြောင်း ဆုံးဖြတ်သည်။

(၂) All Super ဒေါ်ထွေးထွေးမူနှင့် လိုင်းတာဝန်ခံတို့မှ အော်ဟစ်ဆဲဆိုခြင်း မပြုရန် ကိစ္စအား အလုပ်ရှင်က စီမံခန့်ခွဲကြီးကြပ်ရန် ဆုံးဖြတ်သည်။

၃။ အထက်ပါ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီထံသို့ လျှောက်ထားတင်ပြခဲ့ရာ ခုံသမာဓိကောင်စီသည် ရုံးအမိန့်စာအမှတ် (၂၃၃/၂၀၂၄)ဖြင့် ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ ဦးထွန်းအောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် ဦးလှိုင်တင့် (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ဝင်များသည် အငြင်းပွားမှုပြေငြိမ်းပြီးပြတ်စေရေးအတွက် ၂၉-၁၀-၂၀၂၄ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးခဲ့ရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၂၃(က)အရ **"သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"** ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါ ကူးစက်မှုမဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် ခုံသမာဓိကောင်စီ၊

ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ၂၉-၁၀-၂၀၂၄ ရက်နေ့တွင် ၎င်းတို့တင်သွင်းခဲ့သော လျှောက်ထားလွှာ၊ ထွက်ဆိုချက်များ၊ သက်သေခံစာရွက်စာတမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များကို အသေးစိတ် လေ့လာခဲ့ပြီးနောက် ဆင်ခြင်တုံတရားဖြင့် စစ်ဆေးဆုံးဖြတ်ခဲ့ကြပါသည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ဆင်ခြင်ဆုံးဖြတ်နိုင်ရန်အတွက် အောက်ပါကောက်ချက်ကို ချမှတ်ခဲ့ပါသည်-

**ကောက်ချက်။** အလုပ်သမား ဒေါ်မေသော်တာဖူးပါ (၁၈)ဦးတို့အား မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့် နှင့် All Super ဒေါ်ထွေးထွေးမူနှင့် လိုင်းတာဝန်ခံ တရုတ်တို့မှ အော်ဟစ်ဆဲဆိုရန် မပြုလုပ်စေရေးအတွက် တားဆီးသင့်/မသင့်။

<u>**အမှုဖြစ်စဉ်အကျဉ်းချုပ်**</u>

၆။ ယခုအငြင်းပွားမှုသည် W & F Group Co.,Ltd (အထည်ချုပ်စက်ရုံ) မှ Ms. Zhang Ying Yue (အလုပ်ရှင်)၊ ဒေါ်ခင်ညိုသင်း (မန်နေဂျာ) (အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမား ဒေါ်မေသော်တာဖူးပါ (၁၈)ဦးတို့အား (၁၀-၉-၂၀၂၄)၊ (၁၁-၉-၂၀၂၄)ရက်နေ့နှင့် (၁၂-၉-၂၀၂၄) ရက်နေ့တို့တွင် အလုပ်မဆင်းသည့်ကိစ္စနှင့်ပတ်သက်၍ လိုင်းတာဝန်ခံ (တရုတ်လူမျိုး)မှ အလုပ်ထုတ်လိုက်ပြီဟုပြော၍ ထုတ်ပယ်ခြင်းအပေါ် ကျေနပ်မှုမရှိသောကြောင့် အလုပ်ပြန်လည်ခန့်ထားပေးရန် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

<u>**စစ်ဆေးတွေ့ရှိချက်**</u>

၇။ အဆိုပါစက်ရုံသည် လုပ်သားဦးရေ ကျား (၁၁၃)ဦး ၊ မ(၅၅၉)ဦး စုစုပေါင်း (၆၇၂)ဦးတို့ဖြင့် နိုင်ငံခြားသားပညာရှင်တစ်ဦး အပါအဝင်ဖြစ်ပါသည်။ အဝတ်အထည်အမျိုးမျိုးကို ချုပ်လုပ်ပြီး CMP စနစ်အရ ချုပ်လုပ်ပြီးသော အထည်များကို ပြည်ပသို့ လစဉ် ယူနစ် တစ်သိန်းခန့် တင်ပို့ဆောင်ရွက်လျက်ရှိပါသည်။ အလုပ်ချိန်အနေဖြင့် နံနက် (၀၈:၀၀) နာရီမှ ညနေ (၀၄:၃၀) နာရီအထိ ဆောင်ရွက်လုပ်ကိုင်ရပြီး ထမင်းစားနားချိန်ကို နေ့လယ်(၁၂:၀၀) နာရီမှ (၁၂:၃၀) နာရီအထိ သတ်မှတ်ထားပါသည်။ ယခုအငြင်းပွားမှုဖြစ်ပွားသည့် ဒေါ်မေသော်တာဖူး အပါအဝင်

လုပ်သား (၁၈)ဦးတို့သည် လုပ်ငန်းခွင်တွင် ပျက်ကွက်မှု(၃)ရက် (၁၀-၉-၂၀၂၄၊ ၁၁-၉-၂၀၂၄နှင့် ၁၂-၉-၂၀၂၄) ဆက်တိုက် ပျက်ကွက်လျက်ရှိခဲ့ကြပြီး ထိုအခြေအနေများကို အခြေခံ၍ ယခုအငြင်းပွားမှုဖြစ်ပွားပေါ်ပေါက်ခဲ့ကြသည်ဟု စစ်ဆေးတွေ့ရှိရပါသည်။ ဒေါ်မေသော်တာဖူးပါ အလုပ်သမား (၁၈)ဦးတို့သည် အစမ်းခန့်ကာလ(၃)လအတွင်း ခန့်ထားလုပ်ကိုင်လျက်ရှိကြပြီး လုပ်သက်ကာလအားဖြင့်လည်း အများဆုံး(၃၀)ရက်နှင့် အနည်းဆုံး (၂)ရက်တို့သာ ရှိကြပြီး လုပ်သက်နုနယ်ကြကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းတို့အနေဖြင့် လစာထုတ်ရန် အကြောင်းပြပြီး လုပ်ငန်းခွင်အတွင်းမှ ထွက်ခွာသွားခဲ့ကြပြီးနောက် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာမှု မရှိတော့ဘဲ ပျက်ကွက်နေကြခြင်းကြောင့် လုပ်ငန်းခွင်စည်းကမ်းချိုးဖောက်မှုဖြစ်ပေါ်ခဲ့ပြီး ယခုကဲ့သို့အငြင်းပွားမှုဖြစ်ပွားရကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းတို့လုပ်ကိုင်ရာ စက်ရုံ၏ ကုန်ထုတ်လုပ်မှု လိုင်းတစ်လိုင်းလုံးမှ စုရုံး၍ထွက်ခွာသွားခဲ့ကြသည့်အတွက် အော်ဒါလက်ခံထုတ်လုပ်နေသော ချုပ်ထည်များကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိဟု စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းတို့အနေဖြင့် အကြောင်းပြသည်မှာ ALL Super ဒေါ်ထွေးထွေးမူနှင့် တာဝန်ခံတရုတ်တို့၏ ဆူပူကြိမ်းမောင်း အော်ဟစ်မှုကြောင့် လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမရှိဟု ဆင့်ကဲတင်ပြလာသည်ဟု စစ်ဆေးတွေ့ရှိရပါသည်။ ချုပ်လုပ်မှုလိုင်း တစ်လိုင်းလုံး လုပ်ငန်းခွင်မှ ထွက်ခွာမှုကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် အလုပ်အကိုင်များ မပြီးစီးသည်ကို ဖြစ်ပေါ်စေခဲ့သည့်အတွက် အလုပ်ရှင်မှလည်း ဒေါ်မေသော်တာဖူးပါ (၁၈)ဦးတို့အား မူလလုပ်ငန်းခွင်တွင် ပြန်လည်ခန့်ထားလိုခြင်းမရှိသည်ဟု စစ်ဆေးတွေ့ရှိရပါသည်။

**<u>သုံးသပ်ချက်</u>**

၈။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဆိုပါအငြင်းပွားမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ၊ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ အသီးသီးတို့ထံတွင် တင်သွင်းထားသော သက်သေခံစာရွက်စာတမ်းများ၊ အလုပ်သမားများ၏ တင်ပြလွှာ၊ အလုပ်ရှင်၏တင်ပြလွှာတို့အပေါ် အခြေခံ၍ မိမိတို့၏ ဆင်ခြင်တုံတရားများနှင့်ပေါင်းစပ်၍ အဖြစ်မှန်ကို တွက်ဆခဲ့ပြီးနောက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် စစ်ဆေးခဲ့ကြပါသည်။

၉။ အလုပ်သမား ဒေါ်မေသော်တာဖူးပါ လုပ်သား (၁၈)ဦးတို့သည် အစမ်းခန့်ကာလအတွင်း ယခုကဲ့သို့ လုပ်ငန်းခွင်နှင့်ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့ရပြီး အလုပ်သမားတို့၏

လုပ်သက်များမှာလည်း တစ်လမပြည့်ဘဲ နုနယ်လှသည့် အခြေအနေရှိ၍ WCC ၏ ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ခံယူကြောင်း အတိအလင်းမတွေ့ရပါသဖြင့် လုပ်ငန်းခွင်အတွင်း ပြေလည်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ဒေါ်မေသော်တာဖူးပါ အလုပ်သမား(၁၈)ဦးတို့၏ စွပ်စွဲချက်ဖြစ်သည့် All Super ဒေါ်ထွေးထွေးမူနှင့် လိုင်းတာဝန်ခံ တရုတ်ဆရာတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ သွန်သင်ဖြောင်းဖြမှုကို မခံယူဘဲ ဆဲဆိုအော်ဟစ်သည်ဟု အကြောင်းပြခဲ့ဖွယ်ရှိကြောင်း သုံးသပ်ပါသည်။ အလုပ်သမားတို့၏ တောင်းဆိုချက်ဖြစ်သော ALL Super ဒေါ်ထွေးထွေးမူနှင့် လိုင်းတာဝန်ခံ တရုတ်ဆရာတို့အား အော်ဟစ်ဆဲဆိုခြင်းမပြုရန် စာချုပ်ချုပ်ပေးရမည်ဟူသော တောင်းဆိုချက်သည် သဘာဝမကျ၍ လမ်းညွှန်တားမြစ်ရန် မလွယ်ကူဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ လုပ်သက်နုနယ်စဉ်ကာလအတွင်း (အစမ်းခန့်ကာလ) ယခုကဲ့သို့ ALL Super ဒေါ်ထွေးထွေးမူနှင့် လိုင်းတာဝန်ခံ တရုတ်ဆရာတို့နှင့် ဒေါ်မေသော်တာဖူးပါ အလုပ်သမား (၁၈)ဦးတို့သည် လုပ်ငန်းခွင်ဆက်ဆံရေးကြီးမားစွာပျက်ယွင်းနေ၍ အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့သည် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းခွင်အတွင်း ဆက်ဆံရေးသည် ကောင်းမွန်လာဖွယ်ရာမရှိဘဲ အကျိုးစီးပွားများပျက်စီးလာမည့်အရေးကို ကာကွယ်ရန်အလို့ငှာ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် သင့်လျော်မှန်ကန်၍ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ အတည်ပြုလိုက်သည်။

**ဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၅-၁၀-၂၀၂၄ နေ့စွဲပါ အငြင်းပွားမှုအမှတ် (၂၃/၂၀၂၄) အပေါ် ချမှတ်ထားသည့် ဆုံးဖြတ်ချက်အမှတ် (၁)နှင့် (၂)တို့ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| ဦးထွန်းအောင် | ဦးသောင်းစိန် | ဦးလှိုင်တင့် |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |